**မံဖာကျေးရွာ**

**မံဖာကျေးရွာအုပ်စု၊ ဗန်းမော်မြို့နယ်**

**ကချင်ပြည်နယ်**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

**(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)**

**စီမံကိန်းပြုစုရေးသားသည့် အဖွဲ့**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ မံဖာကျေးရွာ**

**(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဗန်းမော်မြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)**

**နိုဝင်ဘာလ၊ ၂၀၂၁**

## မာတိကာ


မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား ၅

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၅

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၅

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၅

(က) သီးနှံစိုက်ပျိုးရေး ၅

**(ခ)** မွေးမြူရေးလုပ်ငန်း ၆

**(ဂ)** စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ ၆

**(ဃ)** ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၆

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၇

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ၇

(ခ ) ကျေးရွာမီးလင်းရေး ၇

(ဂ) သတင်းနှင့် ဆက်သွယ်ရေး ၇

၆။ ပညာရေး ၇

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၈

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၈

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ ၈

၁၀။ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၉


နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၂


နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြုဇယား ၇၃

နောက်ဆက်တွဲ(၃) ဦးစားပေးစီမံချက် အဆိုပြုလွှာ ၈၅





ယံမာကျေးရွာ တွင်း အဖွဲ့စည်း ဆိုင်ရာ ချိတ်ဆက်မှု



**၁။ တည်နေရာနှင့် ပထဝီအနေအထား**

မံဖာကျေးရွာသည် ကချင်ပြည်နယ် ၊ မံဖာကျေးရွာအုပ်စု ရောဝတီမြစ်အရှေ့ဘက်ကမ်းတွင်တည်ရှိပြီး ဗန်းမော်မြို့နှင့် (၅)မိုင်ခန့် ကွာဝေးသည်။ ဗန်းမော်နှင့်မံစီကားလမ်းမဘေးတွင် တည်ရှိပြီး ဘေးနှစ်ဘက်တွင် ခိုကျင်ကျေးရွာနှင့် စီဟဲကျေးရွာ (၂) တည်ရှိပြီး နမ့်ကျရီချောင်းဘေး တွင်တည်ရှိပါသည်။

**၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

နှစ်စဉ် မိုးရေချိန်အသင့်တင့် ရရှိသော်လည်း ကျေးရွာတွင် စိုက်ပျိုးရေကို မိုးရေ၊ ချောင်းရေ၊ မြောင်းရေကိုသာ အသုံးပြုရပြီး ရေမလုံလောက်သဖြင့် (၁)ပေါက်ကျင်း၊ တုံးကျင်းများ တူးဖော်၍ မြေအောက်ရေနှင့်အသုံးပြုရပါသည်။ ဆောက်လုပ်ရေး အတွက် သဲနှင့်ကျောက် ကိုအလွယ်တကူရရှိနိုင်ပါသည်။သဘာဝပေါက်ပင်များအနေဖြင့် နွားစာနှင့်ဆေးဖက်ဝင်(အမည်မသိ)အပင်များစွာရှိပါသည်။

**၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

မံဖာကျေးရွာအတွင်းအဖွဲ့ပေါင်း(၆)ဖွဲ့ရှိပြီးအဖွဲ့အားလုံးသည်ငွေစုငွေချေးနှင့်ဘာသာရေး)ကို အခြေခံသောအဖွဲ့ ဖြစ်သည်။ ရပ်ရွာ၏ လိုအပ်ချက်အရ ဖွဲ့စည်းထားသော ရပ်မိရပ်ဖအဖွဲ့နှင့်လူငယ် အဖွဲ့များမှ စွမ်းဆောင်နိုင်မှုလည်းကောင်းသည်။ ကျန်အဖွဲ့အစည်းများမှာ အဖွဲ့အစည်းများကို လေ့လာရာတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးအတွက် ၄င်းအဖွဲ့များ၏ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်ဖွံ့ဖြိုးရန် လိုအပ်နေသေးသည်။

**၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

**(က) သီးနှံစိုက်ပျိုးရေး**

ကျေးရွာတွင် ဆန်စက်(၄)ဦး တောင်သူကြီး(၂)ဦး တောင်သူလတ် (၂၆) အိမ်ထောင်စု နှင့် တောင်သူငယ် (၆၀)ဦး နှင့် ဆင်းရဲသားတောင်သူ ၃၄ဦး နှင့် မြေယာမဲ့ ၃၇ဦး ရှိသည်။ အဓိကအားဖြင့် စပါး ၊ပြောင်းနှင့်ပဲတို့ကို အားကိုးစိုက်ပျိုးကြသည်။ မြေဆီလွှာ အရည်အသွေး အသင့်အတင့်ကောင်းသည်။စပါးထွက်နှုန်း မှာ တစ်ဧကပျှမ်းမျှ (၉၀) တင်းထွက်သည်။ ပဲပျှမ်းမျှထွက်နှုန်းမှာ တစ်ဧက ပျှမ်းမျှ (၃၀) တင်းနှင့် ထွက်သည်။ ကုန်စည်ဝယ်ယူသူအနေဖြင့်ပြည်ပ (တရုတ်)နိုင်ငံကိုသာအဓိကရောင်းချနေရသဖြင့် မိမိတို့ ကောက်ပဲသီးနှံများကို မျှော်မှန်းသလောက်ဈေးကွက်မရကြသောကြောင့် စီးပွားရေးတွင် အနည်းငယ်အားနည်းနေသေးသည်ကိုတွေ့ရသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါးမွေးမြူကြသော်လည်း စီးပွါးဖြစ် မွေးမြူလေ့မရှိ။ တစ်ပိုင်တစ်နိုင်သာ မွေးမြူလေ့ရှိကြသည်။ နွားကို ၉၈ အိမ် မှ ၅၁၅ကောင်၊ ကျွဲကို ၃ အိမ်မှ ၁၆ ကောင်၊ ဝက်ကို ၄၈ အိမ်မှ ၁၁၅ ကောင်၊ ကြက်ကို အိမ်တိုင်းနီးပါး အသင့်တင့်မွေးကြပြီး မွေးမြူရေး လုပ်ငန်းဆောင်ရွက်ရာ တွင်မြေပိုင်ဆိုင်မှု လုံလောက်သော်လည်း ငွေရင်းနှီးစိုက်ထုတ်နိုင် မှုအားနည်းခြင်း ၊စာကျက်မြေရှားပါးခြင်းကြောင့်သာစီးပွားဖြစ် မဟုတ်ပဲ တစ်ပိုင်တစ်နိုင်မွေးမြူကြရသည် ကိုတွေ့ရှိရပါသည်။ =

**(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ**

ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းအဖြစ် အိမ်ထောင်စု(၄)စုမှစပါးခွဲစက်(ဆန်စက်)လုပ်ကိုင်လျှက်ရှိပြီး လယ်ထွန်စက်၊ခြွေလှေ့စက်/ စပါးရိတ်စက်များအငှားလိုက်ခြင်း၊ နည်းပညာတက္ကသိုလ်(ဗန်းမော်)သည်ရွာ၏ မျက်နှာစာရှေ့တွင်တည်ရှိသောကြောင့် ဘော်ဒါဆောင်လုပ်ငန်းများလုပ်ကိုင်ကြခြင်း၊ သဲ၊ ကျောက်ရောင်းဝယ်ရေးလုပ်ငန်းများ၊ ဈေးရောင်းဈေးသည်များဆိုင်ကယ်ပြင်ဆိုင်/ ဆံသဆိုင်၊ စက်ချုပ်ဆိုင်၊ ကုန်စုံဆိုင်များဖြင့် လုပ်ကိုင်ကြသောအားဖြင့် အခြားဝင်ငွေရများလည်း ရှိကြပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

သမဝါယမချေးငွေ၊ စိုက်ဘဏ်နှင့်မြစိမ်းရောင်ချေးငွေဟူ၍ ၃မျိုးရှိသည်။၃ခုလုံးမှာ ကာလတို/ လတ်ချေးငွေများဖြစ်ပြီး အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများရရှိရန် လိုအပ်သည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင်သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် လှေသမ္ဗာန်၊ စက်ဘီး၊ မော်တော်ဆိုင်ကယ် သုံးဘီးဆိုင်ကယ် ၊ ထော်လာဂျီ၊ ကား နှင့် နွားလှည်းရှိ သည်။

ကျေးရွာတွင်း လမ်းများမှာ မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီတွင်ကျင်း၊အိုင်၊ ချိုင့်များ ဖြစ်ပြီး လယ်ယာထွက်ကုန်များ သယ်ယူရန် အခက်ခဲရှိခြင်းကြောင့် မြေသားလမ်းမှ ကွန်ကရစ်လမ်းသို့ ဆောင်ရွက်ပေးစေလိုပါသည်။

ကျေးရွာမှ စိုက်ပျိုးတောင်သူများသည် နမ့်ကျရီချောင်းကိုကူး၍ လယ်ယာလုပ်ကိုင်စားသောက် နေရပြီး တံတားမရှိသည့်အတွက် ချောင်းကူးတံတား အလိုရှိပါသည်။

### (ခ) ကျေးရွာမီးလင်းရေး

မံဖာကျေးရွာတွင် အိမ်ခြေ(၁၉၅)ရှိသော်လည်းမဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသုံးစွဲသူ (၁၄၅)အိမ်သာရှိသည်။ကျန်အိမ်ထောင်စု(၁၄)အိမ်မှာ ဆိုလာကိုသာအသုံးပြုနေကြသည့်အတွက် အခက် အခဲမရှိပါ။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

မံဖာကျေးရွာတွင် တစ်ရွာလုံးဖုန်းအသုံးပြုနိုင်ကြပြီး တယ်လီဖုန်းအရေအတွက် ၃၆၅ လုံးရှိပြီး အမ်ပီတီ၊ တယ်လီနော၊ မိုင်တဲဖုန်းများကို အများဆုံး အသုံးပြုကြသည်။ ရေဒီယို သုံးစွဲသူအသင့်အတင့် ရှိ သည်။ တီဗီ၁၂၅လုံးနှင့် ဂြိုလ်တုစလိုင်း (၁၀၀) လုံးရှိ သည်။

## ၆။ ပညာရေး

မံဖာကျေးရွာတွင် မူလတန်းကျောင်း အဆင့်သာဖြစ်ပြီးမှာ ကျောင်းသားဦးရေ(၇၀)ခန့် ရှိပါသည်။ ၂၀၁၈-၂၀၁၉ခုနှစ်တွင် နိုင်ငံတော်မှ ချထားပေးမှုကြောင့် (၃၀x၁၀၀)တစ်ထပ်ကျောင်းဆောင်အသစ်ကို ဆောက်လုပ်ပြီးစီးခဲ့သောကြောင့်များစွာ အဆင်ပြေခဲ့ပါသည်။ဆရာ၊ဆရာမများအတွက် ဝန်ထမ်းအိမ်ရာ တစ်လုံး ကလေးများဆော့ကစားရန် ဘောလုံးကွင်း၊ ကစားကွင်းနှင့် ပန်းခြံများရှိပါသည်။ ကျေးရွာမှ မိဘများသည် ကလေးများ စာတတ်မြောက်ပြီး ဘွဲ့ရ၊အစိုးရဝန်ထမ်းများ ဖြစ်စေသည့်အထိ ထောက်ပံ့သင် ကြားပေးနေပြီး ပညာရေး ကိုဦးစားပေး နေသည်ကိုတွေ့ရပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျန်းမာရေးအနေဖြင့် ခိုကျင်၊ မံဖာ၊ စီဟဲ(၃)ရွာပေါင်း ကျေးလက်ကျန်းမာရေးဌာနခွဲ (၁)ခုသာရှိပြီး ခိုကျင်ကျေးရွာတွင် ဖွင့်လှစ်ထားပြီးဆရာမ(၁)ဦး၊ လက်ထောက်(၁)ဦး ထားရှိပါသည်။ ကျေးရွာတွင် ကျန်းမာ ရေးဌာနခွဲ သီးသန့်မရှိသည့်အတွက် အခက်အခဲနှင့်ကြုံတွေ့ရပါသည်။နှစ်စဉ်ကာကွယ်ဆေးများ ပုံမှန် ထိုးပေးလေ့ရှိသော်လည်း အာဟာရပညာပေး အစီအစဉ်များမရှိပါ။ကျေးရွာတွင်ရောဂါဖြစ်ပွား မှုနိမ့်ကာ ကျန်းမာရေး အသင့်အတင့်ကောင်းမွန် ကြသည်။မြို့နယ်ဆေးရုံ သို့သွားလိုလျှင် မိုင်၅ခန့် ဝေးသည်။ အရေး ပေါ်အခြေအနေများတွင် မြို့နယ်ဆေးရုံသို့ သွားရောက်ရ သည်။

ကျေးရွာတွင် သောက်ရေတွင်း(၁)၊အဝီစိစက်တပ်(၁၈)လုံး၊အဝီစိတုံကင်(၁၀၈)တွင်းရှိပြီး အသုံး ပြုကြသည့်အတွက့် ကျေးရွာတွင် သန့်ရှင်းသောရေလုံလောက်မှုရှိပါသည်။ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာ အနေဖြင့် ရေလောင်းယင်လုံအိမ်သာ(၁၄)လုံး၊ရေဆွဲ(၉)ရေလောင်း/ ယင်လုံ(၁၃၉)လုံး အသုံးပြုနေကြသည့်အတွက် ပတ်ဝန်းကျင်သန့်ရှင်းရေးမှာလည်း အသင့်အတင့်ကောင်းမွန် နေသည်ကို တွေ့ရပါသည်။

### ၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုနှင့် လက်လုပ်လက်စားကျပန်းများ သည် သဘာဝဘေးအန္တရာယ်နှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေကြုံတွေ့ပါက ထိခိုက်ခံစားရလွယ်ကူ နိုင်ပါသည်။ မူးယစ်ဆေးဝါး ပေါ်များသောကြောင့် လူငယ်များသည်မူးယစ်သားကောင်များ အချိန်မရွေး ဖြစ်ပေါ်လာနိုင်ပါသည်။ဆေးစွဲသူများလည်း ကူးစက်ရောဂါ များလွယ်ကူစွာကျရောက်နိုင်ပါသည်။

မြေဆီလွှာအခြေအနေ၊ အပင်မျိုးစိတ်များ၊ ရေအရင်းအမြစ်၊ ငါးမျိုးကွဲများ၊ တိရစ္ဆာန်မျိုးကွဲများ နှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတို့တွင် အသင့်တင့်ရှိသည်။ရာသီဥတုဖောက်ပြန်ခြင်းဓာတုဆေးဝါး များကို စနစ်တကျ မသုံးစွဲခြင်းကြောင့် ဖျက်ပိုး နှင့်ရောဂါကာကွယ် ထိန်းချုပ် မှုတွင်အန္တရာယ်ရှိလာနိုင်သည်ကို တွေ့ရပါသည်။ တိရစ္ဆာန်ကူးစက်ရောဂါများ အနည်းငယ်ရှိသည်။

### ၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

**မံဖာ**ကျေးရွာ၏ ကျေးရွာစီမံအုပ်ချုပ်မှုနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။ အမျိုးသမီးများအား အကြမ်းဖက်မှုမရှိသော်လည်း အကြမ်းဖက် မှုများတွင် ကာကွယ်ရမည့် တရားဥပဒေဆိုင်ရာအသိပညာများ အားနည်းကြပါသည်။ ထို့ကြောင့် စွမ်းဆောင်ရည်မြှင့်သင်တန်းများ အိမ်တွင်းအကြမ်းဖက်မှုကာကွယ်ခြင်းဥပဒေသင်တန်းများ၊ ကာကွယ် စောင့်ရှောက်နည်းသင်တန်းများ၊ ကိုယ်ခံပညာသင်တန်းများဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။

၁၀။ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ(မံဖာကျေးရွာ)

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေး အဆင့် |
|---|---|---|---|
| ၁ | လမ်းတံတားနှင့် အခြေခံ အဆောက် အဦဖွံ့ဖြိုးမှု စီမံကိန်း | ၁။ ရွာတွင်းလမ်းကွန်ဂရစ်လမ်းခင်းခြင်း<br>၂။ ကွန်ဂရစ်တံတား(သို့)ကြိုးတံတားတည်ဆောက်ခြင်း<br>၃။ ရွာချင်းဆက်တံတားပြုပြင်ပေးခြင်း | ၁ |
| ၂ | စိုက်ပျိုးရေရရှိရေး ဖွံ့ဖြိုး မှု စီမံကိန်း | ၁။ မူကြိုကျောင်းတည်ဆောက်ပေးခြင်း<br>၂။ ကျောင်းသောက်ရေသန့်စက်တပ်ဆင်ပေးခြင်း | ၂ |
| ၃ | ကျန်းမာရေးဖွံ့ဖြိုးမှု စီမံကိန်း | ၁။ ကျန်းမာရေးဌာနခွဲတည်ဆောက်ပေးခြင်း<br>၂။ အရေးပေါ်လူနာတင်ယာဉ် | ၃ |
| ၄ | လူငယ်ဖွံ့ဖြိုးရေး စီမံကိန်း | ၁။ ရိုးရာတီးဝိုင်း/ ခေတ်ပေါ်တီးဝိုင်းထူထောင် ခြင်း<br>၂။ အားကစားပစ္စည်းများ ပံ့ပိုးခြင်း<br>၃။ယဉ်စည်းကမ်း/လမ်းစည်းကမ်းထိန်းသိမ်းမှုအသိ ပညာ ပေး သင်တန်း<br>၄။ မူးယစ်ဆေးကာကွယ်တားဆီးရေးအသိပညာပေး သင်တန်း<br>၅။ လူကုန်ကူး ကာကွယ်တားဆီးရေးအသိပညာ ပေး သင်တန်း<br>၆။ နှစ်စဉ်စာပေဟောပြောပွဲ ကျင်းပခြင်း<br>၇။ ခေတ်မီစာကြည့်တိုက်ထူထောင်ခြင်း<br>၈။ အင်တာနက် အကျိုးရှိရှိ အသုံးပြုနည်းသင်တန်း<br>၉။ ကိုယ်ခံပညာသင်တန်း<br>၁၀။ ကွန်ပျူတာသင်တန်း<br>၁၁။ အင်္ဂလိပ်စာသင်တန်း | ၄ |
| ၅ | အမျိုးသမီးများစွမ်း ဆောင်ရည်ဖွံ့ဖြိုးမှုစီမံ ကိန်း | ၁။ အိမ်တွင်းအကြမ်းဖက်မှု ကာကွယ်ခြင်း ဥပဒေသင်တန်း<br>၂။အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်း<br>၃။ အမျိုးသမီးကာကွယ်စောင့်ရှောက်နည်းသင်တန်း | ၅ |
| ၆ | ဘဏ်နှင့် ငွေကြေးဝန် ဆောင်မှု ဖွံ့ဖြိုးရေး စီမံကိန်း | ၁။ မြစိမ်းရောင်စီမံကိန်း<br>၂။ မွေးမြူရေးမြစိမ်းရောင်စီမံကိန်း<br>၃။ အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေ | ၆ |

| | | | |
|---|---|---|---|
| ၇ | မွေးမြူရေးနည်းပညာ ဖွံ့ ဖြိုးမှုစီမံကိန်း | ၁။ တိမွေးကုမွမ်းမံသင်တန်း<br>၂။ ကာကွယ်ဆေးထိုးခြင်း<br>၃။ ဥစား/အသားစား စံပြမွေးမြူခြင်း | ၇ |
| ၈ | စိုက်ပျိုးရေးသီးနှံထုတ် လုပ်မှုဖွံ့ဖြိုးရေး စီမံကိန်း | ၁။ စပါး၊ပြောင်း၊မုံညှင်း၊နှမ်းမျိုးကောင်းမျိုးသန့် ရရှိရေး<br>၂။လယ်ယာသုံးစက်ကရိယာ အရစ်ကျရောင်းချခြင်း<br>၃။ နှစ်ရှည်ပင်မျိုးကောင်းမျိုးသန့်စိုက်ပျိုးခြင်း (ကြက်မောက်၊ ဒညင်း၊ တရုပ်ဆီးသီး) | ၈ |
| ၉ | သောက်ရေနှင့်သန့်ရှင်းမှု ဖွံ့ဖြိုးမှု စီမံကိန်း | | |
| ၁၀ | စိုက်/မွေးမဟုတ်သော အသက်မွေးဝမ်း ကျောင်းနည်းပညာ ဖွံ့ဖြိုး မှုစီမံကိန်း | ၁။ စက်၊ လက် ယက္ကန်းသင်တန်း<br>၂။ အလှပြင်သင်တန်း<br>၃။ စက်ချုပ်/ဒီဇိုင်နာ အဆင့်မြှင့်သင်တန်း<br>၄။ အိမ်တွင်းလျှပ်စစ်ပြုပြင်သင်တန်း<br>၅။ အခြေခံစားသောက်ကုန်နှင့်လူသုံးကုန်ထုတ်လုပ်မှု သင်တန်း<br>၆။ လက်သမား/ပန်းရံ အဆင့်မြှင့်တင်ရေးသင်တန်း<br>၇။ တယ်လီဖုန်းပြုပြင်နည်းသင်တန်း<br>၈။ ဝါရိန်ဆော်သင်တန်း | ၁၀ |
| ၁၁ | စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးရေးစီမံကိန်း | ၁။ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းမှုသင်တန်း<br>၂။ သဘာဝမြေဆွေးပြုလုပ်နည်းသင်တန်း<br>၃။ သီးလှည့်စနစ်စိုက်ပျိုးနည်းသင်တန်း<br>၄။ မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းသင်တန်း<br>၅။ ကိုင်းကူးကိုင်းဆက်သင်တန်း | ၁၁ |
| ၁၂ | အဖွဲ့အစည်းဆိုင်ရာစီမံ ခန့်ခွဲမှုဖွံ့ဖြိုးရေးစီမံ ကိန်း | ၁။အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုသင်တန်း<br>၂။ လေ့လာရေးခရီး | ၁၂ |
| ၁၃ | ပညာရေးဖွံ့ဖြိုးမှု စီမံကိန်း | ၁။ မူကြိုကျောင်း ကလေးကစားကွင်းတည်ဆောက်ခြင်း | |
| | | ၂။ ကျောင်းသုံးပရိဘောဂ | ၁၃ |
| | | | |

**လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (မံဖာကျေးရွာ၊ မံဖာကျေးရွာအုပ်စု၊ ဗန်းမော်မြို့နယ်) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၅ | ၁၀ | ၁.၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၄၁ | ၃၃ | ၇၄ | ၉.၆ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၃ | ၃၉ | ၇၂ | ၉.၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၄ | ၂၃ | ၅၇ | ၇.၄ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၅၃ | ၂၇၅ | ၅၂၈ | ၆၈.၉ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၂ | ၁၃ | ၂၅ | ၃.၂ |
| **စုစုပေါင်း** | | **၃၇၈** | **၃၈၈** | **၇၆၆** | **၁၀၀** |
| **စုစုပေါင်း အိမ်ထောင်စု (၁၅၉)** | | **တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ= ၄.၈** | | | |

**ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ မံဖာကျေးရွာတွင် အိမ်ထောင်စုပေါင်း ၁၅၉ ရှိပြီး လူဦးရေပေါင်း ၇၆၆ (ကျား ၃၇၈ + မ ၃၈၈) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ ၏ စံနှုန်းဖြစ်သော ၅ ယောက်နှုန်းထက် အနည်းငယ်နည်းသည်ကို တွေ့ရသဖြင့် လူဦးရေတိုးပွါးမှုနည်းသည်။ ကျေးရွာတွင် နို့စို့အရွယ်ကလေးငယ် စုစုပေါင်း ၁၀ ဦး၊ ၁.၃% သာရှိသဖြင့် ယခုနှစ်များတွင် ကလေးမွေးဖွါးနှုန်းကျဆင်းနေသေးသည်ကို တွေ့ရသည်။ ၅ နှစ်အောက်ကလေး ၇၄ ဦး (၉.၆%) ရှိသည်ကို သိရှိခြင်းအားဖြင့် လူဦးရေ အသင့်အတင့်ရှိပြီးကာကွယ် ဆေးထိုးရမည့် ကလေးနှင့် မူကြိုကျောင်းတက်ရောက်နိုင်သည့် ကလေး အရေအတွက်ကို အတိအကျသိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှု အခြေအနေကို အလွယ်တကူ တိုင်းတာတွက်ချက်နိုင်မည်။ မူကြိုကျောင်း လိုအပ်မှုရှိမရှိကိုလည်း အလွယ်တကူ ဆန်းစစ်နိုင်သည်။ မူလတန်းအရွယ် ကလေး ၇၂ ဦး (ကျား ၃၃+မ ၃၉) (၉.၃%) နှင့် အလယ်တန်းကျောင်းသားအရွယ် ၅၇ ဦး (ကျား ၃၄+မ ၂၃) (၇.၄%) သိခြင်းဖြင့် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်ခြင်းရှိ/မရှိကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ်လုပ်နိုင်သော အရွယ် ၅၂၈ (ကျား၂၅၃+ မ၂၇၅)၊ (၆၈.၉%) ရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေ အနည်းငယ်များပြားသည်ကို တွေ့ရသည်။ ၄င်းတို့ကို အလုပ်အကိုင်ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည်မြှင့်တင်ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူဖြစ်မည်။ အလုပ်လုပ်ကိုင်နိုင်သောအရွယ်တွင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် ၂၂ ဦး (၂.၈၇%) ပိုများနေသည်ကို တွေ့ရသည်။ ကျေးရွာတွင် သက်ကြီးရွယ်ကြီး ၁၂ ဦး (ကျား ၁၂+မ ၁၃) ဦး (၁.၅%) သာရှိသဖြင့် သက်ကြီးရွယ်ကြီးအလွန်နည်းနေသဖြင့် ကျေးရွာတွင် ကျန်းမာရေးအခြေအနေ အနည်းငယ်ညံ့နေသည်ဟုခန့်မှန်းနိုင်ပါသည်။ သက်ကြီးရွယ်ကြီးတွင်လည်း အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၁ဦးပိုများနေသည်ကို တွေ့ ရသဖြင့် အမျိုးသမီးများသည် အမျိုးသားများထက် အသက်ရှည် သည်ကိုတွေ့နိုင်သည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉၇ | ၄၅၅ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅၀ | ၆၅၄ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၅ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉ | ၁၀ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၄ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၂၄ | ၁၆ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၂၇၀ | ၁၁၅၂ | | ☒ |

**ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နီမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်း တစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင်လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ မံဖာကျေးရွာတွင် အိမ်ခြေ ၁၅၉ ရှိသည့်အနက် စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်သူ (၉၇) အိမ်၊ မွေးမြူရေးကို အဓိကလုပ်ကိုင်သူ အိမ်မှ အလုပ်လုပ်ကိုင်သူ ( ၁) ဦး၊ ဈေးရောင်းသူ (၅)အိမ်၊ အိမ်များတွင် အငှါးလိုက်ကျပန်းလုပ်ကိုင်သူ (၁) အိမ်ရှိသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

**လေ့လာတွေ့ရှိချက်။** ။ မံဖာကျေးရွာတွင် ဝင်ငွေရလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေး(လက်သမား/ပန်းရံ)လုပ်ငန်း၃မျိုးတည်းသာ ရှိသည်။ကျေးရွာ၏ အဓိကလုပ်ငန်း ဖြစ်သော လယ်ယာစိုက်ပျိုးရေး လုပ်ငန်းမှာလည်း တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်လေ့ရှိပြီး စီးပွါးဖြစ် မဟုတ်သော ကြောင့် ပုံမှန်အလုပ်အကိုင်မရှိကြပါ။ရာသီချိန်တွင်သာအလုပ်ရကြသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အမျိုးသားများမှာ ၁၀၀၀၀ ကျပ်ရကြသော်လည်း အမျိုး သမီးများမှာ ၈၀၀၀ ကျပ်သာရကြသဖြင့် ကျား/မ လုပ်အားခ များစွာခွဲခြားခံရသည်ကို တွေ့ရသည်။ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသည်။ မြေယာမဲ့များ အတွက် အလုပ်အကိုင်ပုံမှန်မရှိသောကြောင့် ပြင်ပ ပြည်တွင်း ပြည်ပ (တရုတ်) သို့ရွှေ့ပြောင်းသွားလာ

အလုပ်လုပ်ကိုင်ကြရသည်။ဆောက်လုပ် ရေးလုပ်ငန်းတွင် အမျိုးသားများမှာ ၈၀၀၀ကျပ်ရရှိ အမျိုးသမီးများမှာ(၆၀၀၀)ကျပ် ရရှိပြီး လုပ်အားခ ကွာခြားသည်ကိုတွေ့ရသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၃၆၁ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၈၆ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၀ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၂၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၅၇၇ | |

**ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

**လေ့လာတွေ့ရှိချက်။ ။ မံဖာကျေးရွာတွင်** လယ် ၃၆၁ ဧက၊ ဥယာဉ်ခြံမြေ (၁၁)ဧကနှင့် ကိုင်း/ ကျွန်းမြေ ၂၀ ဧက စုစုပေါင်းစိုက်ပျိုးမြေ တစ်ရွာလုံးတွင် (၅၇၇) ဧက ရှိသည်။ မြေဆီလွှာ အရည်အသွေးအနေနှင့် သင့်သည်ကို တွေ့ရသည်။ စိုက်ပျိုးမြေအများစုမှာ ပုံစံ (၇) ရှိကြပြီး အခြားမြေအမျိုးအစားများမှာ ပုံစံ(၇) မရကြသေးသောကြောင့် အမြန် ရရှိရန် တင်ပြကြပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| **သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်၊ ရွှေ စသည်။)** | များ ☐ သင့် ☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| **ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ** | များ ☐ သင့် ☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| **သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐ |
| **သဘာဝ တိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း☐ မရှိ ☐ | ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာန။**

**လေ့လာတွေ့ရှိချက်။** ။ မံဖာကျေးရွာတွင် သဘာဝအရင်းအမြစ်များအနေဖြင့် ကျောက်၊သဲများကိုလွယ်ကူစွာ ရရှိပြီး သဘာဝပေါက်ပင်များအနေဖြင့် နွားစာနှင့် ဆေးဖက်ဝင် (ဆင်တုံးမနွယ်၊ ကျန်အပင်များမြန်မာအမည်မသိကြပါ) အပင်များစွာရှိသည်။ ထိရောက်စွာအသုံးချနိုင်မှုမရှိ။ စည်းကမ်းမဲ့ ခုတ်လှဲထုတ်ယူခြင်း ကြောင့် တဖြည်းဖြည်း ရှားပါးလာသည်။ သဘာဝပေါက်ပင်များကို ထိရောက်စွာ အသုံးချနိုင်ခြင်းမရှိ။ တိုင်းရင်းဆေးပညာသင်ကြား နိုင် ပါက ကျေးရွာဖွံ့ဖြိုး ရေးအတွက် အကျိုးရှိလာမည်ဖြစ်သည်။

### (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၅ ဧကအထက် | ၅ ဧကအောက် | ၃ဧကအောက် | |
| အိမ်အခြေအနေ | တိုက် | ပျဉ်ထောင်ပျဉ်ခင်း | ရိုးရိုးသွပ်အမိုး/ ထရံကာ၊ ကြမ်းခင်း၊ | သက္ကယ်မိုး၊ ထရံ ကာ၊ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက် ၄ စင်း၊ ကား ၂၁ စီး၊စပါးခြွေစက်(၅)စီး | ထော် လာဂျီ ၁၅၀စီး၊သုံးဘီး(၅) စီး | နွားလှည်း(၆၇)စီး | |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | | | | |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူကြီး/အရောင်းအဝယ် | ဈေးဆိုင်၊ တောင်သူလတ် | သူရင်းငှား | ကျပမ်း၊ နေ့စား |
| အိမ်ထောင်စု (၁၆၈) | ၂၅ (၁၅.၆ %) | ၆၁ (၃၈.၁၂ %) | ၄၁ (၂၅.၆%) | ၃၃ (၂၀.၆%) |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ မံဖာကျေးရွာတွင် အိမ်ခြေ ၁၅၉ အိမ်ရှိပြီး အဆင့် ၁ အဆင်ပြေသောအိမ်ထောင်စုနည်းပါးပြီး အဆင့်၂နှင့်အဆင့်၃ တို့မှာအများစုရှိသည်။ သို့သော်ပိုင်ဆိုင်မှု အနေအထားမှာ ကွာခြားချက်သိပ်မရှိပါ လျှပ်စစ်မီး၊ပန်ကာ၊ဆိုင်ကယ်တို့မှာ အိမ်တိုင်း ရှိကြ၍ လူနေမှုအဆင့်အတန်းတန်းတူရှိသည် ကိုလေ့လာတွေ့ရှိရပါသည်။

### (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| | | လုပ်အားခကြိုယူ = ____________ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစားပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။ ။မံဖာကျေးရွာတွင်** အိမ်ထောင်စု (၁၅၉)အိမ်အနက်လယ်ယာ၊ဥယာဉ်ခြံမြေ လုပ်ကိုင်သူများထံတွင် နေ့စားလုပ်ငန်းများ ရာသီအလိုက် လုပ်ကိုင်ကြသဖြင့် တစ်နှစ်ပတ်လုံး ဝမ်းစာဖူလုံမှုရှိကြသည်။

### (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၄ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ မံဖာကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၄) အိမ်တွေ့ ရသဖြင့် ၄င်းအိမ်ထောင်စုများအတွက်အတွက် ကူညီစောင့်ရှောက်မှု လိုအပ်သည်။

### (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၇ | လျှော် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် မရှိ ☒ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် မရှိ ☒ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၂ | ၄က်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၃ | **တီဘီရောဂါ** | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၁၄ | **ကိုယ်ခံအားကျဆင်းမှုရောဂါ** | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၅ | **ပြည်တွင်း ပဋိပက္ခ** | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၆ | **တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု** | မြင့် ☐ လတ် ☒ နိမ့် မရှိ ☐ |
| ၁၇ | **လူကုန်ကူးခြင်း** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၈ | **ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်** | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ မံဖာကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ ငှက်ဖျား ရောဂါ၊ ကိုယ်ခံအားကျဆင်းမှုရောဂါ၊ ပြည်တွင်းပဋိပက္ခနှင့် ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲမှု စသည်တို့တွင် ထိခိုက်သက်ရောက်လွယ်မှု လတ်ရခြင်းဖြစ်သည်။

ရာသီဥတုဖောက်ပြန်ခြင်းကြောင့်ဖျက်ပိုး၊ရောဂါများကျရောက်ခြင်း၊သွင်းအားစုများ အသုံးမပြုနိုင်ခြင်းနှင့်နည်းပညာအားနည်းခြင်းတို့ကြောင့်သီးနှံအထွက်နှုံးနည်းခြင်းနှင့်ပုံမှန်ဝင်ငွေမရှိခြင်း၊ ဝင်ငွေနည်းပါးခြင်းတို့ကြောင့် စားနပ်ရိက္ခာမဖူလုံမှုတွင် ထိ ခိုက်သက်ရောက်လွယ်မှု လတ်ရခြင်းဖြစ်သည်။

စိုက်ပျိုးမြေတိုးချဲ့ရန် မြေလွတ်မြေလပ်မရှိ။ သစ်တောပြုန်းတီးလာပြီး ရေထွက်များနည်း လာ ခြင်း/ ခမ်းခြောက်လာခြင်းတို့ကြောင့် သဘာဝအရင်းအမြစ်ရှားပါးမှုတွင်လည်း ထိခိုက်သက် ရောက် လွယ်မှု လတ်ရခြင်းဖြစ်သည်။

ငှက်ဖျားဖုံတွင် ကျရောက်ပြီး ငှက်ဖျား ရောဂါတွင်လည်း ထိခိုက်သက်ရောက်လွယ်မှု လတ်ရခြင်းဖြစ်သည်။

လူငယ်များ မူးယစ်ဆေးသုံးစွဲခြင်းနှင့် အပျော်အပါးလိုက်စားခြင်းကြောင့် ကိုယ်ခံအားကျဆင်းမှုရောဂါတွင်လည်း ထိခိုက်သက်ရောက်လွယ်မှု လတ်ရခြင်းဖြစ်သည်။

ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောင်နိုင်မှုမရှိသေးသဖြင့် မကြာခဏ တိုက်ပွဲများ ဖြစ်ပွါးမှု ရှိသောကြောင့် ပြည်တွင်းပဋိပက္ခတွင်လည်း ထိခိုက်သက်ရောက်လွယ်မှု လတ်ရခြင်းဖြစ်သည်။

မုန်တိုင်း၊ မီးဘေး၊ မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု၊ တီဘီရောဂါ၊ တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှုတို့တွင် တခါတရံ ကျရောက်မှုရှိသော်လည်း ပျက်စီးဆုံးရှုံးမှုမရှိ/ နည်းသောကြောင့် ထိခိုက်သက်ရောက်လွယ်မှု နိမ့်ဖြစ်သည်။

ကျန်ထိခိုက်လွယ်မှု အမျိုးအစားများမိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ ငလျင်၊ ဆားငန်ရေဝင် မြေ၊ လူကုန်းကူးခြင်းတို့မှာ ထိခိုက်သက်ရောက်လွယ်မှု မရှိ သာလျှင်ဖြစ်သည်။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | **လူငယ်** | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၂ | **အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု** | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၃ | **မြေယာမဲ့ ဆင်းရဲသားတောင်သူ** | မြင့်☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၄ | **သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၅ | **မြစ်ကမ်းဘေး နေထိုင်သူများ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ☒ |
| ၆ | **မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ** (Prone to accident) **တွင် နေထိုင်သူများ** | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ☒ |
| ၇ | **ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ** (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၈ | **မြေနိမ့်ပိုင်း နေထိုင်သူများ** | မြင့် ☐ လတ် ☐ နိမ့် မရှိ ☒ |
| ၉ | **ငါးကန်ပိုင်ရှင်များ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ☒ |
| ၁၀ | **လက်လုပ်လက်စားများ၊ ကျပန်းများ** | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၁ | **လူနည်းစုလူမျိုးများ** | မြင့် ☐ လတ် ☐ နိမ☐ မရှိ ☐ |
| ၁၂ | **ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၃ | **နယ်စပ်ဒေသတွင် နေထိုင်သူများ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၄ | **ရွှေတွင်းလုပ်သားများ** | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၅ | **ဆေးစွဲသူများ** | မြင့် ☒ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၆ | **ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ** | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၇ | **လှည့်လည်သွားလာ၍ ဈေးရောင်းသူများ** | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၈ | **နေရပ်ပြန် အခြေချသူများ** | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၉ | **ရွှေ့ပြောင်းလုပ်သားများ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၂၀ | **ကားမောင်းပြီး အသက်မွေးသူများ** | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ **မံဖာကျေးရွာတွင်** ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများတွင် လူငယ်များ၊ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ၊ မြေယာမဲ့၊ ဆင်းရဲသားတောင် သူများ၊ လက်လုပ်လက်စားများ၊ ကျပန်းများ၊ ဆေးစွဲသူများ၊ လှည့်လည်ဈေးရောင်းသူများသည် ထိ ခိုက်သက်ရောက်နိုင်မှု မြင့်သည်။ လူငယ်များ ထိခိုင်သက်ရောက်နိုင်မှုမြင့်ရခြင်းမှာ လူငယ်များသည် မိသားစု ဝင်ငွေအတွက် အဓိက အလုပ်လုပ်ကိုင်ရသူများဖြစ်ပြီး မိသားစုနှင့် ဝေးကွာစွာ သွားရောက် အလုပ်လုပ် ကိုင်ရသောကြောင့် ကူးစက်ရောဂါများ အလွယ်တကူ ကူးစက်ခံရနိုင်မှုများခြင်း၊ မူးယစ်ဆေးသုံးစွဲမှု ရှိလာခြင်း၊ မူးယစ် ဆေးဝါးအန္တရာယ်ရှိခြင်း၊ ယာဉ်အန္တရာယ် အချိန်မရွေးကျရောက်နိုင်ခြင်း၊ လူကုန်ကူး ခံရနိုင်ခြေများ ခြင်း၊ ခိုက်ရန်ဖြစ်ပွါးမှု များခြင်းကြောင့် ထိခိုက်သက် ရောက်နိုင်မှု မြင့်ရခြင်းဖြစ်သည်။

မြေယာမဲ့နှင့်ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စားများ၊ ကျပန်များသည် ထိခိုက် သက် ရောက်နိုင်မှုမြင့်ရခြင်းမှာသီးနှံအထွက်နည်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ပုံမှန်အလုပ် အကိုင်နှင့် ဝင်ငွေမရှိခြင်း၊ လုပ်အားခနည်းသဖြင့် မိသားစုဝင်ငွေနည်းခြင်းတို့ကြောင့် ဖြစ်သည်။ဆေးစွဲသူများ မှာ အများအားဖြင့် အသက်ငယ်နှင့် လူလတ်ပိုင်းများဖြစ်ကြပြီး ထိခိုက်သက် ရောက်နိုင်မှုမြင့်ရခြင်းမှာ မိသားစုဝင်များနှင့် အခြားပါတ်ဝန်းကျင်လူအများ၏ လုံခြုံမှုနည်းလာသောကြောင့် ထိခိုက်သက်ရောက် နိုင်မှု မြင့်ရခြင်းဖြစ်သည်။လှည့်လည်ဈေးရောင်းသူများသည်လည်း ထိခိုက်သက်ရောက်လွယ်မှု နိမ့်အခြေအနေ တွင် ရှိရ ခြင်းမှာ လုပ်ကိုင်သူနည်းပါးသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ၄င်းတို့သည်လည်း ထိခိုက်လွယ်မှု နိမ့် သည်။ကျန်လူအုပ်စုများမှာ ထိခိုက်သက်ရောက်နိုင်မှု မရှိကြပါ။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က–၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ရပ်မိရပ်ဖ | ၁☐ ၂☒ | ၅ | | ၅ | ပညာရေး ☐ ငွေကြေး | ကောင်း☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | ၃☐ | | | | ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☒ | သင့် ☒<br>ညံ့ ☐ |
| ၂ | ပေါ်ခိန်/မယ်ခိန် | ၁☒ ၂☐<br>၃☐ | | | | ပညာရေး ☐ ငွေကြေး ☒<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☒<br>ညံ့ ☐ |
| ၃ | လူငယ် (အပျို လူပျို အဖွဲ့) | ၁☐ ၂☒<br>၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☒<br>သင့် ☐<br>ညံ့ ☐ |
| ၄ | ကျောင်းအကျိုးတော်ဆောင် | ၁☒ ၂☐<br>၃☐ | | | | ပညာရေး ☐ ငွေကြေး ☒<br>ကျန်းမာရေး ☐ ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☒<br>ညံ့ ☐ |
| ၅ | အမျိုးသမီးရေးရာ | ၁☐ ၂☐<br>၃☐ | | | | ပညာရေး ☐ ငွေကြေး ☒<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☒<br>ညံ့ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁)	**စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂)	**လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃)	**ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။**	။ မံဖာကျေးရွာတွင်း အဖွဲ့ပေါင်း (၆) ဖွဲ့ရှိသည်။ ၎င်းအ ဖွဲ့များအနက် ရပ်ရွာ၏ လိုအပ်ချက်အရဖွဲ့စည်းထားသော ရပ်မိရပ်ဖအဖွဲ့နှင့် လူငယ်အဖွဲ့များမှ စွမ်း ဆောင်နိုင်မှုလည်း ကောင်းသည်။ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်း အပြန် အလှန် ယုံကြည်မှုရှိသည်။ လုပ်ငန်းလုပ်ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည်နိုင် ကြသည်။ အဖွဲ့ဝင်ဦးရေအရ ကျား/မ အားလုံးပါဝင်ကြသော်လည်း အလုပ်တာဝန်ခွဲဝေသည့်အခါ အမျိုးသားများကသာ အရေးပါသော ဆုံးဖြတ်ချက်ချနိုင် သော(ဥက္ကဋ္ဌ/အတွင်းရေးမှူး စသည်) တာဝန် များကိုယူ လေ့ရှိကြပြီး အမျိုးသမီးများမှာ အရေးမပါသော (အဖွဲ့ဝင်/သော့ထိမ်းစသည်) တာဝန်များကို ပေးလေ့ ရှိကြသည်။ စီးပွါးရေးကို အခြေခံဖွဲ့စည်းသော အဖွဲ့ ၂ ဖွဲ့မှ ပြင်ပမှ လုပ်ငန်းလိုအပ်ချက် အရဖွဲ့ စည်း ခဲ့ကြခြင်းဖြစ်ပြီး ကျား/မအချို့ပါဝင်ဖွဲ့စည်းခဲ့ကြသည်။ အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုနှင့် ငွေစာ ရင်း ထိန်းသိမ်းမှုတို့ကို သင်တန်းပေးထားပြီး လုပ်ဆောင်နေကြသည်။ ၎င်းလက်ရှိအဖွဲ့အစည်းများကို လေ့လာရာတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးအတွက် သီးခြားတာဝန်များ ခွဲဝေလုပ်ဆောင်နေကြသော်လည်း မိမိတို့ကျေးရွာ၏ ဖွံ့ဖြိုးရေးကို စနစ်တကျ ဦးဆောင်နိုင်ခြင်းမရှိသေးဘဲ စွမ်းဆောင်ရည် အားနည်းနေ သေးသည်ကို တွေ့ရသည်။ ၎င်းအဖွဲ့များ၏ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည်ဖွံ့ဖြိုးရန် လို အပ်နေ သေးသည်။

**(က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| **စဉ်** | **အမည်** | **အဖွဲ့အစည်း အမျိုးအစား**<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်**<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☒ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☒<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၃ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၄ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**

(၁)	**ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)
(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**
(၄) **နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) **နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (ဥပမာ GIZ, UKAid, USAid, စသည်)
(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)
(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

